

# အခြေချနေထိုင်မှုအတွက်အထောက်အကူပြုအစီအစဉ်

# ２０２４ခုနှစ်အတွက်သင်တန်းသားခေါ်ယူခြင်း

**(လျှောက်လွှာပိတ်ရက် )..............　【 8 လပိုင်း 9 ရက်နေ့　】**

ဒုက္ခသည်ကူညီရေးဌာနချုပ်（ＲＨＱ）သည် 2024 ခုနှစ် 10 လပိုင်းမှ စ၍ ဂျပန်ဘာသာအား လေ့လာသင်ယူလိုသည့် ကွန်ဗေးရှင်းဒုက္ခသည်များ၏လျှောက်လွှာဖောင်များအား လက်ခံနေပါသည်။

## အခြေချနေထိုင်မှုအတွက်အထောက်အကူပြုအစီအစဉ်နှင့်စပ်လျဉ်း၍

**လျှောက်ထားနိုင်သူ..............** 　ကွန်ဗင်းရှင်းဒုက္ခသည်နှင့် ၎င်း၏ မိသားစုများ

**အကြောင်းအရာ........** 　ဂျပန်ဘာသာ( 572ချိန် စာသင်ချိန်) နှင့် လူနေမှုလမ်းညွှန် (120 ချိန် စာသင်ချိန်)
အလုပ်အကိုင်ပံ့ပိုးမှု အကြောင်းအရာ များ　(　※သင်တန်းတစ်ချိန်လျှင် 45 မိနစ်　)

**သင်တန်းကာလ.....................................** နေ့ခင်းသင်တန်း(6လတာ) 2024ခုနှစ် 10လပိုင်းမှ2025 ခုနှစ်3လပိုင်း အထိ
(တနင်္လာမှသောကြာနေ့အထိ9：30မှ15：50）

**သင်တန်းပို့ချမည့်ပုံစံ.................** နေ့ခင်းသင်တန်း. လူကိုယ်တိုင်လာတက်ခြင်း　သို့မဟုတ် အွန်လိုင်းမှ အုပ်စုဖြင့်သင်ယူခြင်း

**အခြားသော.........** 　● အွန်လိုင်းသင်တန်းတွင်အသုံးပြုမည့်အိုင်တီပစ္စည်းများမှာ လိုအပ်မည့်သူအား RHQ မှငှားရမ်းပေးမည်။
●လူကိုယ်တိုင်သင်တန်းလာတက်သည့်အခါများတွင်ကလေးအပ်ထား၍ရသည်။
●နေ့ခင်းလူကိုယ်တိုင်လာရောက်တက်မည့်သင်တန်းတွင်သင်တန်းကာလအတွင်း၌တည်းခိုမည့် အိမ်ခန်းအားငှားရမ်းပေးနိုင်သည့် အခါများလည်းရှိသည်။

**သတိပြုရန်..............** 　လျှောက်ထားသူဦးရေ များပြားခြင်းနှင့် ကျန်းမာရေးအခြေအနေပေါ်တွင်မူတည်ပြီး ဤသင်တန်းသို့ တက်ရောက်နိုင်ခွင့်မရသည့်အခါများလည်းရှိသည်။

＜လျှောက်ထားရန်နည်းလမ်း＞

1. RHQ ကူညီရေး စင်တာသို့ မေးလ် သို့မဟုတ် ဖုန်းဖြင့်ဆက်သွယ်ပါ။

2. 2024 ခုနှစ်7 လအစပိုင်း မှ 2024 ခုနှစ်8လပိုင်း 9 ရက်နေ့အထိ 　လျှောက်လွှာစာရွက်တင်ခြင်း။
တစ်ဦးခြင်း လူတွေ့စစ်ဆေးခြင်း၊ ကျန်းမာရေးဆေးစစ်ခြင်း(သင်တန်းအား လူကိုယ်တိုင်တက်ရောက်လိုသူများအတွက်သာ)

◆လျှောက်လွှာတင်သွင်းခြင်းနှင့် စုံစမ်းမေးမြန်းရန်အတွက်◆ RHQ အထောက်အကူပြုစင်တာ

TEL: 0120-068-655 E-mail: rhqcenter@rhq.gr.jp　　　Web: http://www.rhq.gr.jp

# ကွန်ပေးရှင်းဒုက္ခသည်နှင့် မိသားစုအတွက် ဂျပန်တွင်အခြေချနေထိုင်ရေးအထောက်အပံ့ အစီအစဉ်

**2024 ခုနှစ်အတွက်  နှစ်ဆုံးပိုင်း နေ့လည်သင်တန်း၏**

**လျှောက်လွှာဖောင်များအား**

**2024 ခုနှစ် 8 လပိုင်း 9 ရက်နေ့**

**အရောက် နောက်ဆုံးထားပြီး ပို့ပါ။**

~ ဂျပန်ဘာသာအားလေ့လာသင်ယူလိုသူ၊ဂျပန်နိုင်ငံ၏ဓလေ့ထုံးစံအားသိလိုသူ၊

အလုပ်အကိုင်ရှာဖွေလိုသည့် ကွန်ပေးရှင်းဒုက္ခသည်နှင့် မိသားစုများသို့ ~

အာရှလူမှုဖူလုံရေးနှင့် ပညာရေးဖောင်ဒေးရှင်း

ဒုက္ခသည် ကူညီရေးဌာနချုပ် (RHQ)

## နိဒါန်း

ဂျပန်အစိုးရသည် တရားရေးဝန်ကြီးမှ ကွန်ဗေးရှင်းဒုက္ခသည်အဖြစ်အသိအမှတ်ပြုခြင်းခံရသူနှင့် ထိုမိသားစုအတွက်ဂျပန်ဘာသာ၊နေထိုင်ရေးအတွက်လူမှုရေးလမ်းညွှန်၊အလုပ်အကိုင်မိတ်ဆက်ပေးခြင်းစသည့်အခြေချနေထိုင်ရေးထောက်ပံ့အစီအစဉ်ကို အခမဲ့ဆောင်ရွက်ပေးနေပါသည်။

- အခြေခံဂျပန်ဘာသာ၊ဂျပန်တွင်နေထိုင်အသက်မွေးရန်အတွက်အထောက်အကူဖြစ်စေမည့်စနစ်၊ဓလေ့ထုံးစံများကို ဂျပန်ဘာသာဖြင့် လေ့လာနိုင်ပါသည်။
- အလုပ်လုပ်လိုသည့် သူများအတွက် အလုပ်အကိုင်အားလည်းမိတ်ဆက်ပေးပါသည်။
- သင်တန်းတက်ရောက်နေစဉ်အတွင်းနေထိုင်စားသောက်မှုစရိတ်၊ဆေးဝါးကုသစရိတ်၊အိမ်လခ၊သင်တန်းပြီးဆုံးပြီးလျှင် အခြေချနေထိုင်ရေးထောက်ပံ့ငွေ (အခြေချရန်ပြင်ဆင်ခြင်းအတွက်ငွေ) ကိုလက်ခံရရှိပါမည်။
  (※အသေးစိတ်အား စာမျက်နှာ 3 အားကြည့်ပါ)
- အွန်လိုင်းသင်တန်းတွင်အသုံးပြုမည့် IT ပစ္စည်းများအား လိုအပ်မည့်သူအတွက် RHQ မှငှားပေးပါသည်။
- လူကိုယ်တိုင်လာတက်သည့် သင်တန်းတွင် မိမိ၏ကလေးငယ်အားအပ်ထား၍ရသည်။
- နေ့လည်သင်တန်းလူကိုယ်တိုင်တက်ရောက်ခဲ့လျှင် သင်တန်းကာလအတွင်းနေထိုင်မည့်နေရာအားကူညီပံ့ပိုးပေးနိုင်သည့် အခါများလည်းရှိသည်။

သတိပြုရန် ⁑ သတ်မှတ်ဦးရေထက် ကျော်လွန်ခြင်းနှင့် ကျန်းမာရေးကြောင့်အကြောင်းရင်းများရှိခဲ့လျှင် မိမိတက်ရောက်လိုသည့် အတိုင်း မဖြစ်နိုင်သည့် အခါများလည်းရှိသည်။

## သင်တန်းတွင်ပို့ချပေးမည့်အကြောင်းအရာများ

### ဂျပန်ဘာသာသင်ကြားပေးခြင်း၊ လူနေမှုလမ်းညွှန်၊ အလုပ်အကိုင်မိတ်ဆက်ပေးခြင်း

**1. ဂျပန်ဘာသာ သင်ကြားမှု (ပို့ချချိန် 572 ချိန် ( 1 ချိန် = 45 မိနစ် )**

●အခြေခံဂျပန်ဘာသာ (ဖတ်ခြင်း၊ရေးခြင်း၊နားထောင်ခြင်း၊စကားပြော) စသည်တို့အား တိုးတက်လာအောင် ယူနိုင်သည်။

●မိမိကိုယ်တိုင်ရပ်တည်နေထိုင်နိုင်ရန်အတွက်လိုအပ်မည့် ဂျပန်ဘာသာ အားလေ့လာသင်ယူနိုင်ပါသည်။

**2. လူနေမှုလမ်းညွှန် (ပို့ချချိန် 120 ချိန် (1 ချိန် = 45 မိနစ် )**

●ဂျပန်တွင် နေထိုင်သည့်အခါ၌အထောက်အကူဖြစ်စေမည့် စနစ် (ဆေးဝါးကုသမှု၊အာမခံ၊ပင်စင်၊အခွန်) အစရှိသော အကြောင်းအရာများနှင့် ဓလေ့ထုံးတမ်းစဉ်လာ များအား လေ့လာသင်ယူနိုင်ပါသည်။

※ သင်တန်းမှာ ဂျပန်ဘာသာနှင့် လူနေမှုလမ်းညွှန်အား တွဲဖက်ထားသည့် သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပို့ချမှုဖြစ်သည်။

**3. အလုပ်အကိုင်မိတ်ဆက်ပေးခြင်း**



●အလုပ်အကိုင်လုပ်လိုသူအတွက်အလုပ်အကိုင်အားမိတ်ဆက်ပေးခြင်းပြုလုပ်သည် ( သို့သော်လည်းမျှော်လင့်ထားသည့်အလုပ်အားရှာ၍မရသည့်အခါလည်းရှိသည် )။

●အလုပ်ရှာဖွေသည့်အခါတွင် ကျသင့်သည့် လမ်းစရိတ်အားထုတ်ပေးပါသည်။

●အလုပ်ဝင်ရန်ရွေးချယ်ထားသည့် ကုမ္ပဏီတွင် အလုပ်သင်ယူသည့် စနစ်လည်းရှိသည်။ ရရှိနိုင်မည့် ထောက်ပံ့ကူညီမှု စနစ် အားလူနေမှုလမ်းညွှန် သင်တန်းအချိန်တွင် အသေးစိတ် ရှင်းပြပေးသည်။

# သင်တန်း၏အချိန်နှင့်ကာလ

●ဂျပန်ဘာသာ အတွက်စာသင်ချိန် 572 ချိန် （စာသင်ချိန် 1 ချိန်＝45မိနစ်） လူနေမှုလမ်းညွှန်သင်တန်း 120 ချိန် (စာသင်ချိန် 1 ချိန်＝45မိနစ် ) စုစုပေါင်း 692 ချိန်နာရီ ရှိသော သင်တန်းဖြစ်သည်။

●သင်တန်းပုံစံ

- နေ့ပိုင်းသင်တန်း( မျက်နှာချင်းဆိုင် အုပ်စုလိုက်သင်ယူသည့် ပုံစံ 【RHQ ထောက်ပံ့ရေးစင်တာ】သို့မဟုတ် အွန်လိုင်းမှ တဆင့် အုပ်စုလိုက်သင်ယူသည့် ပုံစံ 【 မိမိနေအိမ်တွင် 】

●သင်တန်းအချိန် (သင်ရိုးညွှန်းတမ်းပြင်ဆင်မှု အရ အချိန်အပြောင်းအလဲ ရှိနိုင်သည်)

• နေ့ပိုင်းသင်တန်း တနင်္လာမှသောကြာ 9：30 ～15：50

●သင်တန်းကာလ： နှစ်ဆုံး ပိုင်းနေ့ပိုင်း သင်တန်းကာလ 2024 ခုနှစ် 10 လ မှ 2025 ခုနှစ် 3 လပိုင်း

# သင်တန်းတက်ရောက်နိုင်သူ

◆ **တရားရေးရာဝန်ကြီးမှ ဒုက္ခသည်အဖြစ် အသိအမှတ်ပြုထားခြင်းခံရသူနှင့် ၎င်း၏မိသားစုများ （※）。**

(※) ထိုမိသားစုဆိုသည်မှာ ဂျပန်နိုင်ငံတွင် နေထိုင်နေသည့် နိုင်ငံခြားသားဖြစ်ပြီး ကွန်ဗေးရှင်းဒုက္ခသည်၏မိသားစုအဖြစ် ဂျပန်နိုင်ငံတွင် နေထိုင်ခွင့်ရရှိထားသူ(အိမ်ထောင်ဘက်၊ မိဘ၊ အိမ်ထောင်မပြုသေးသည့် သားသမီး)များအားဆိုလိုသည်။

◆ သို့သော်လည်း လက်ရှိ ပညာရေးစနစ် မူလတန်းအလယ်တန်း တက်နေသည့် ကလေးငယ်များမှာ ဤသင်တန်းအစီအစဉ်အားတက်ရောက်နိုင်ခွင့်မရှိပါ။( နေထိုင်စားသောက်စားရိတ်အားလည်းပံ့ပိုးပေးခြင်းမရှိပါ)။

◆ ယခုအချိန်အထိ နိုင်ငံတကာ ကူညီရေးစင်တာ (2006ခုနှစ် မတ်လတွင် ရပ်ဆိုင်း)နှင့် RHQ ထောက်ပံ့ရေးစင်တာတို့တွင် ဂျပန်ဘာသာ စသည့်အခြေချနေထိုင်ရေးအထောက်အကူပြုသင်တန်းအားတက်ရောက်ပြီးစီးသူများမှာလည်း အကျုံးမဝင်ပါ။

# လူနေမှုထောက်ပံ့ကြေးအစရှိသော

အခြေချနေထိုင်မှုထောက်ပံ့အစီအစဉ်သို့တက်ရောက်ခွင့်ရရှိခဲ့လျှင် ရရှိနိုင်မည့်ထောက်ပံ့ကြေး(ထောက်ပံ့မှုတွင် သတ်မှတ်ချက်နှင့် စစ်ဆေးမှုများရှိသည်)။

※ နေထိုင်မှု စားရိတ်ထောက်ပံ့မှုမှာ အခြေအနေပေါ်မူတည်ပြီး ပြောင်းလဲသည့်အခါလည်းရှိသည်။

| | |
|---|---|
| နေထိုင်မှုစရိတ်<br>(စားဝတ်နေရေးအတွက်ငွေ) | နေ့လည်ပိုင်းသင်တန်း<br>• လူကြီး ( 12နှစ်မှစပြီး) တစ်ရက် 2,400 ယန်း(6လ တာ)<br>※ သို့သော်ငြားလည်း ထိုမိသားစုထဲတွင် နှစ်ယောက်မြောက်လူကြီးမှာ တစ်ယောက်လျှင် (1600 ယန်းဖြစ်သည်)။<br><br>• ကလေးငယ် (11နှစ်အထိ ) တစ်ရက် 1,200 ယန်း( 6လ တာ) |
| ဆေးကုသစရိတ်<br>(ရောဂါ၊အဏ်ရာ ရသည့်အခါကုသသည့်ငွေ ) | သင်တန်းကာလအတွင်း ဆေးရုံ၊ဆေးခန်းသွားသည့်အခါပေးဆောင်ရသည့် ဆေးဖိုးဝါးအအားထောက်ပံ့ပေးမည်ဖြစ်ပြီး မိမိဘာသာ ကုသသည့်ဆေးဖိုးဝါးနှင့် ကာကွယ်ဆေးမှာ မိမိကိုယ်တိုင်ပေးဆောင်ရမည်။<br>(သို့သော်လည်း ဆေးဝါးကုသစရိတ် မြင့်မားနိုင်ခဲ့လျှင်ကြိုတင်ပြီး RHQ စင်တာသို့ ဆွေးနွေးမှုများပြုလုပ်ပါ။)<br>(※သင်တန်းတက်ရောက်သူအားလုံးသည် မိမိ၏ငွေဖြင့်ကျန်းမာရေးအာမခံငွေအား ပေးဆောင်ရမည်ဖြစ်သည်။) |
| နေထိုင် စရိတ်<br>(အိမ်လခအားထောက်ပံ့ပေးခြင်းငွေ) | သင်တန်းတက်နေစဉ်ကာလအတွင်း ထောက်ပံ့ပေးမည့်အိမ်လခမှာသတ်မှတ်ချက်ရှိသည်။<br>နေထိုင်သူဦးရေ 1 ယောက် : တစ်လ ယန်း 40,000 အထိ<br>2 ယောက် : တစ်လယန်း 50,000 အထိ<br>3 ယောက် : တစ်လယန်း 55,000 အထိ<br>4 ယောက်နှင့်အထက် : တစ်လယန်း 60,000 အထိ<br>※ အိမ်လခမှာ ထောက်ပံ့သည့် ငွေထက်နည်းခဲ့လျှင်ကျသင့်သည့် အိမ်လခသာ ထောက်ပံ့ကြေးရရှိမည်ဖြစ်သည်။<br>※ အိမ်လခအပြင် အခြားသောကုန်ကျစရိတ်အား မထောက်ပံ့ပေးပါ။<br>※ အိမ်စာ ချုပ် ၏ကော်ပီ (အိမ်လခနှင့် အတူနေထိုင်သည့်သူများ၏ အမည် ဖော်ပြထားခြင်း) စာရွက် လိုအပ်သည်။ |
| အခြေချနေထိုင်မှုစရိတ်<br>(အခြေချနေထိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုအတွက် ငွေ ) | လူကြီး(16နှစ် ) မှစပြီး 156,900 ယန်း<br>ကလေး(15နှစ် ) အထိ 78,450 ယန်း<br>*အခြေချနေထိုင်ရေး ပရိုဂရမ် သင်တန်းပြီးဆုံးချိန် တွင် တစ်ကြိမ်သာ ထောက်ပံ့ခြင်းရမည်။ |

**ဆက်သွယ်စုံစမ်းမေးမြန်းရန်**

**အာရှလူမှုဖူလုံရေးနှင့် ပညာရေးဖောင်ဒေးရှင်း ဒုက္ခသည်ကူညီရေးဌာနချုပ် ( RHQ)**

RHQထောက်ပံ့ရေးစင်တာ : TEL : 0120-068-655 FAX : 03-5292-2043

E-mail : rhqcenter@rhq.gr.jp

(2024ခုနှစ် 5လပိုင်းတွင်ရေးသားသည်)